# နိုင်ငံရေးမတည်ငြိမ်မှုနှင့်အတူ အမျိုးသမီးများရင်ဆိုင်နေရသည့် လိင်အကြမ်းဖက်မှုများ



သုံးသပ်ချက်စာတမ်း

ဇွန် ၂၀၂၃



## အာဏာသိမ်းရန် ကြိုးပမ်းမှုကာလအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုအခြေအနေများ

နှစ်ပေါင်း ၇၀ ကျော် စစ်အာဏာရှင်လက်အောက် ကျရောက်ခဲ့သည် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သည့် စစ်အာဏာရှင်အစိုးရများသည် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို စနစ်တကျကျူးလွန်ခဲ့သည်။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားသည့် တိုင်းရင်းသားဒေသများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို အဆိုးရွားဆုံး ကြုံတွေ့ခဲ့ကြရသည်။

ထိုအခြေအနေများကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ပဋိပက္ခဒေသများအတွင်း အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုဆိုင်ရာကျူးလွန်မှုများနှင့် အရေးယူမှုများမှ ကင်းလွတ်ခွင့်ရနေခြင်းများနှင့် ပတ်သက်၍ အစီရင်ခံစာများ အစဉ်တစိုက် ဖော်ထုတ်ခဲ့သည်။ နောက်ဆုံးအစီရင်ခံစာမှာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေခဲ့သည့် တိုင်းရင်းသားလူ့အဖွဲ့အစည်းများအတွင်း စစ်တပ်မှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ဖော်ပြသည့် **“အရေးယူမှု ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့် စနစ်များ”** အစီရင်ခံစာဖြစ်ပြီး ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အမှုအခင်းပေါင်း (၁၀၄) ခု ပါဝင်သည်။[1]

---

[1] အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊၂၀၁၄ ခုနှစ် ဇန်နဝါရီလ၊ https://www.womenofburma.org/sites/default/files/2018-06/2014_Jan_SameImpunitySamePattern_Burmese-final.pdf

၂၀၂၁ ခုနှစ် စစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းမှုကာလမှ စ၍ လက်ရှိ ၂၀၂၃ ခုနှစ်အတွင်းတွင်လည်း ထိုကဲ့သို့ လိင်အကြမ်းဖက်မှုများအား စစ်ကြောရေးနည်းလမ်းတခုသဖွယ်နှင့် စစ်ပဋိပက္ခဒေသများအတွင်း လက်နက်တခုသဖွယ် အသုံးချကာ ဆိုးရွားသည့် လိင်အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နေသည်။

အာဏာသိမ်းရန် ကြိုးပမ်းမှုအား မလိုလားသည့်ပြည်သူများမှ စစ်အာဏာရှင်စနစ်ကို မလိုလားကြောင်း လမ်းပေါ်ထွက် ဆန္ဒပြကြရာတွင် အလွှာအသီးသီးမှ အသက်အရွယ်ပေါင်းစုံ အမျိုးသမီးများလည်း ပါဝင်သည်။ ၎င်းတို့၏ လူမှုဘဝအခြေအနေနှင့် အသက်အရွယ်တို့အပေါ်တွင် မူတည်၍ ဝန်ထမ်းအမျိုးသမီးများမှ အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM) ပြုလုပ်ခြင်း၊ လူငယ်အမျိုးသမီးများမှ လမ်းပေါ်ထွက် ဆန္ဒဖော်ထုတ်ခြင်းနှင့် အိမ်ရှင်မများမှ သံပုံးတီးခြင်းအပါအဝင် အိမ်တွင်းမှ ဆန္ဒဖော်ထုတ်ခြင်း၊ ဆန္ဒထုတ်ဖော်သူ လူငယ်များအား အစားအစာများ ဝေမျှခြင်း၊ အဖမ်း အဆီးများပြုလုပ်ချိန်တွင် အကူအညီပေးခြင်း စသဖြင့် ပါဝင်ခဲ့ကြသည်။

စစ်အာဏာရှင်မှ ၎င်းတို့အား ဆန့်ကျင်သူများအား ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်းများအပြင် ကျား၊ မ မရွေး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို စစ်ကြောရေးကာလအတွင်း ကျူးလွန်မှုများ ရှိခဲ့သည်။

အကြမ်းဖက်စစ်အုပ်စုအနေဖြင့် အထက်ပါနည်းလမ်းများကို အသုံးပြုကာ အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်မှုအားနည်းလာစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်နေသည်။ ထိုသို့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများသည် ဖိုဝါဒကြီးစိုးသည့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် တရားဥပဒေစိုးမိုးမှုမရှိသော အခြေအနေများကြောင့် ကျူးလွန်ခံရသော အမျိုးသမီးများသည် ၎င်းတို့ ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို ထုတ်ဖော်ပြောဆိုရန် ခဲယဉ်းကြသည်။

မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ခိုင်လုံသောသတင်းမီဒီယာများမှ တင်ပြထားသည့် အချက်အလက် စုဆောင်းချက်များအရ စစ်ကြောရေးအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများတွင် စစ်ကြောရေး၌ စစ်ဆေးမေးမြန်းခံနေရသည့် အမျိုးသမီးတစ်ဦးအား သူမ၏ ဖခင်ရှေ့တွင် မဖွယ်မရာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များမှ ကျူးလွန်ခဲ့သည်။ ထိုနည်းတူ စစ်ကြောရေးသို့ ရောက်ရှိခဲ့သည့် မဝင်းဝင်းကိုအား အကြမ်းဖက်စစ်တပ်၏ တပ်ဖွဲ့ဝင်များမှ ရင်သားကို ကိုင်တွယ်ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် မုဒိမ်းကျင့်ရန် ကြိုးပမ်းမှုများရှိခဲ့သည်။[2]

---

[2] Myanmar Now, Jan 17, https://www.myanmar-now.org/mm/news/10110

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်နိုင်ငံတကာလေဆိပ်တွင် အဖမ်းခံခဲ့ရသည့် Frontier Myanmar သတင်းထောက်တဦးဖြစ်သည့် ကိုရဲမွန်သည် စစ်ကြောရေးစခန်းတွင် မုဒိမ်းကျင့်ခံခဲ့ရကြောင်းနှင့် အကြမ်းဖက်စစ်တပ်၏ တပ်သားများသည် ကျား၊ မ မရွေးလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်နေကြောင်းကို ထုတ် ဖော်ပြောကြားခဲ့သည်။[3] ထိုသို့ လူသိများသည့် အမျိုးသားသတင်းထောက်ကိုပင် လိင်အကြမ်းဖက်မှု ကျူးလွန်ရဲသည့် အခြေအနေအောက်တွင် အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးခံရပြီး စစ်ကြောရေးစခန်း၌ စစ်ဆေးမေးမြန်းခံရသည့် အမျိုးသမီးများ၏ အခြေအနေမှာ စိုးရိမ်စရာ အလွန်ကောင်းနေပေသည်။

အာဏာသိမ်းရန် ကြိုးပမ်းမှုကာလ ကြာမြင့်လာသည်နှင့်အမျှ အကြမ်းဖက်စစ်တပ်အား လက်နက်ကိုင်ပုန်ကန်မှုများ တစထက်တစ ကျယ်ပြန့်လာသည့်အခြေအနေတွင် အကြမ်းဖက်စစ်တပ်၏ ဖိနှိပ်ညှဉ်းပန်းမှုများသည် ပိုမိုရက်စက်ကြမ်းကြုတ်လာသည်။ ပြည်သူများအား အကြောက်တရားဖြင့် ထိန်းချုပ်ရန်အတွက် အကြမ်းဖက်စစ်တပ်သည် ကျေးရွာများ မီးရှို့ခြင်း၊ ဖမ်းဆီးရမိသူများအား ညှဉ်းပန်းသတ်ဖြတ်ခြင်း၊ ဒေသခံများအား လူသားဒိုင်းများအဖြစ် အသုံးပြုခြင်းများကို ကျူးလွန်လျက်ရှိသည်။ ပိုမိုဆိုးရွားသည်မှာ ဖမ်းဆီးသတ်ဖြတ်ခံရသည့် အမျိုးသမီးများ၏ ရုပ်အလောင်းများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်ထားသည့် လက္ခဏာများတွေ့ရှိရခြင်း ဖြစ်သည်။

ထို့ကြောင့် အကြမ်းဖက်စစ်တပ်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် တိုင်းရင်းသားနယ်မြေများသို့ ထိုးစစ်ဆင်ရာတွင် လက်နက်သဖွယ် အသုံးပြုခဲ့သည့်မုဒိမ်းကျင့်ခြင်းအား ၂၀၂၁ ခုနှစ်၊ အာဏာသိမ်းရန်ကြိုးပမ်းနေသည့် ယနေ့ခေတ်အထိ ကျယ်ပြန့်စွာ စနစ်တကျ ဆက်လက်အသုံးပြုနေသည်ကို မိမိတို့အနေဖြင့် သုံးသပ်တွေ့ရှိရသည်။

မြန်မာတနိုင်ငံလုံးသို့ သက်ရောက်မှုကြီးနေသည့် နိုင်ငံရေးမငြိမ်သက်မှုနှင့် ပဋိပက္ခများသည် အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသည့် အခြေအနေကို ပိုမိုဆိုးရွားစေသည်။ စစ်အာဏာရှင်၏ လက်အောက်ခံတပ်များသာမက အခြားလက်နက်ကိုင်တပ်ဖွဲ့များမှလည်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများနှင့် အကြမ်းဖက်မှုများကို ကျူးလွန်မှုများရှိနေပြီး အရပ်သားအချင်းချင်း ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှာလည်း မတည်ငြိမ်သည့် နိုင်ငံရေးအခြေအနေနှင့် ပျက်ယွင်းနေသည့် အစိုးရယန္တရားများအောက်တွင် တရားမျှတမှုရရှိရန် စိန်ခေါ်မှုကြီး ဖြစ်နေသည်။

လက်ရှိအခြေအနေတွင် အမျိုးသမီးအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ကျူးလွန်ခံရသူများသည် တရားမျှတမှုရရှိရန် လမ်းပျောက်နေပြီး အမျိုးသမီးများအတွက် လုံခြုံငြိမ်းချမ်းသည့် လူမှုအသိုက်အဝန်းမှာလည်း တဖြည်းဖြည်းပျောက်ဆုံးလာနေသည်။

---

3 frontier Myanmar, Sep 16, https://bit.ly/42TkePI




## အချက်အလက်စုဆောင်းရာတွင် သုံးသည့်နည်းနာများ

ယခုသုံးသပ်ချက်စာတမ်းသည် အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့် ၂၀၂၁ ခုနှစ်မှ စ၍ ယနေ့အထိ ဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂမှ ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်တွင်း ကောက်ယူရရှိထားသည့် အချက်အလက်များအပေါ် အခြေခံသုံးသပ်ထားသည့် စာတမ်းဖြစ်သည်။ ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဧပြီလအထိ မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂမှ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ကရင်နီပြည်နယ်တို့ကို ဦးတည်၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပတ်သက်သည့် အချက်အလက်များ ကောက်ယူခဲ့သည်။ ထိုသို့ကောက်ယူရာတွင် အလုပ်အဖွဲ့အနေဖြင့် အသေးစိတ်အင်တာဗျူးများမပြုလုပ်မီတွင် ဖြစ်စဉ်တစ်ခုချင်းကို ပထမဦးစွာ လေ့လာသုံးသပ်မှုများနှင့် အကြောင်းအရာအလိုက် ခေါင်းစဉ်ခွဲခြားမှုများ လုပ်ဆောင်သည်။

ထို့နောက်တွင် အသေးစိတ်အချက်အလက် ကောက်ယူရန်အတွက် လူတွေ့အင်တာဗျူးများနှင့် ဖုန်းအင်တာဗျူးများဖြင့် စုဆောင်းကောက်ယူမှုများ လုပ်ဆောင်ခဲ့သည်။ မိမိတို့အနေဖြင့် မိမိတို့သတ်မှတ်နယ်မြေများတွင် မြေပြင်အချက်အလက်များ ကောက်ယူသည့်အပြင် ယုံကြည်စိတ်ချရသည့် သတင်းမီဒီယာဌာနများမှ တင်ပြထားသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအချက်အလက်များကိုလည်း သိမ်းဆည်းစုဆောင်းသည်။ ကာယကံရှင်များနှင့် သဘောတူညီချက်များအရ ယခုစာတမ်းအတွင်း မိမိတို့ကောက်ယူရရှိထားသည့် အသေးစိတ်အချက် အလက်များကို ထည့်သွင်းဖော်ပြနိုင်ခြင်းမရှိပေ။

## အမှုအခြေအနေများ

မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် ဒေသ (၅) နေရာဖြစ်သည့် ကရင်နီ (ကယား)၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းတို့ကို ဦးတည်၍ အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းစဉ်ကာလ ၂၀၂၁ ခုနှစ်မှ လက်ရှိ ၂၀၂၃ ခုနှစ်အထိ ပဋိပက္ခဒေသများအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ဖော်ထုတ်မှတ်တမ်းတင်ပြုစုခဲ့ပါသည်။ မိမိတို့ကောက်ယူရရှိသည့်အချက်အလက်များတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု စုစုပေါင်း (၃၆)မှုနှင့် အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကာမလိမ်လည်မှု (၂၃) မှုရှိပြီး ခိုင်လုံသည့်သတင်းမီဒီယာများမှ စုဆောင်းရရှိထားသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အရေအတွက် စုစုပေါင်း (၅၄) မှုရှိသည်။




**အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းစဉ်ကာလ ၂၀၂၁ ခုနှစ်မှ လက်ရှိ ၂၀၂၃ ခုနှစ်အထိ ပဋိပက္ခဒေသများအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာကြမ်းဖက်မှုအရေအတွက်ပြပုံ**

ကောက်ယူမှတ်တမ်းတင်ထားသည့် အချက်အလက်များကို မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် အောက်ပါအတိုင်း ကဏ္ဍသုံးခု ခွဲခြားထားပါသည်။

- **စစ်တပ်မှ ကျူးလွန်သော အမှုများ**
- **အခြားလက်နက်ကိုင်အဖွဲ့များမှ ကျူးလွန်သော အမှုများနှင့်**
- **အရပ်သားအချင်းချင်းကြား ကျူးလွန်သော အမှုများ**

## စစ်တပ်မှ ကျူးလွန်သော အမှုများ

တနှစ်တာအတွင်းတွင် အကြမ်းဖက်စစ်တပ်မှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ကာယိအိန္ဒြေ ထိပါးနှောင့်ယှက်မှု(၉)မှုကို မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူမှုများမှတဆင့် ကောက်ယူရရှိထားပြီး အချို့အမှုများမှာ စစ်တပ်အခြေစိုက်စခန်းများအနီး အလေ့လာင်းများတွေ့ရှိရသဖြင့် စစ်တပ်မှ ကျူးလွန်သည်ဟု သံသယရှိသည့်အမှုများ ဖြစ်သည်။

ထို့အပြင် မြန်မာ့အမျိုးသမီးသမဂ္ဂသည် ခိုင်လုံသော သတင်းမီဒီယာများမှ ရယူသိမ်းဆည်းနေသည့် အမျိုးသမီးများနှင့် ပတ်သက်သည့် သတင်းများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသတင်းအများစုသည် စစ်တပ်မှ ကျူးလွန်သည့် အကြမ်းဖက်မှုများဖြစ်သည်ကို မိမိတို့တွေ့ရှိရသည်။ ဥပမာအားဖြင့် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ အပ်လွယ်ရွာရှိ မီးဖွားပြီးစမိခင်တဦးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတဦးကို အကြမ်းဖက်စစ်တပ်၏ တပ်ဖွဲ့ဝင်များမှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၁ ရက်၊ ညပိုင်းတွင် အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်းကို အကြိမ်ကြိမ် ကျူးလွန်ခဲ့ သည်။[4]

အကြမ်းဖက်စစ်တပ်မှ မုဒိမ်းကျင့်သတ်ဖြတ်ခဲ့သူများတွင် အသက်(၁၄)နှစ်အရွယ် အမျိုးသမီးငယ် တစ်ဦး အပါအဝင် အိမ်ထောင်သည် အမျိုးသမီးများလည်း ပါဝင်သည်။ ထို့အပြင် ထိုအမျိုးသမီးတို့နှင့်အတူ ရှိနေသည့် အသက်(၂)နှစ်အရွယ် ကလေးငယ်အပါအဝင် အမျိုးသားများကိုလည်း သတ်ဖြတ်ခဲ့သည်ကို တွေ့ရှိရသည်။ မိမိတို့ရရှိထားသော အကြမ်းဖက်စစ်တပ်မှ ကျူးလွန်သည့်အမှု (၆) မှုသည် မကွေးတိုင်းမှဖြစ်ပြီး ပဲခူးတိုင်းမှ (၁)မှု၊ စစ်ကိုင်းတိုင်းမှ (၁)မှုနှင့် ဧရာဝတီတိုင်းမှ (၁)မှုတို့ဖြစ်သည်။ ထိုဒေသရှိ ကျေးရွာများသည် အကြမ်းဖက်စစ်တပ်မှ မကြာခဏဝင်ရောက်၍ ရွာလုံးကျွတ်မီးရှို့ခြင်းများကို လုပ်ဆောင်ခဲ့သည့် ကျေးရွာများဖြစ်သည်။

အကြမ်းဖက်စစ်တပ်သည် ၎င်းတို့ထိုးစစ်ဆင်သည့် ကျေးရွာများတွင် ဖမ်းဆီးရမိသူများအား ညှဉ်းပန်းသတ်ဖြတ်ရုံမျှမက အမျိုးသမီးများအား မုဒိမ်းကျင့်သတ်ဖြတ်မှုများ ကျူးလွန်နေသည်။ မကွေးတိုင်း၊ ဂန့်ဂေါမြို့ နယ်တွင် ဧပြီလ ၄ ရက်နေ့၌ သားအဖနှစ်ဦးကို အကြမ်းဖက်စစ်တပ်၊ တပ်သားများမှဖမ်းဆီး၍ အသက် (၁၄)နှစ်အရွယ် သမီးဖြစ်သူကို မုဒိမ်းကျင့်ပြီး နှစ်ဦးစလုံးကို မီးရှို့သတ်ဖြတ်ခဲ့သည်။[5] အလားတူပင် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၌ပင် အကြမ်းဖက်စစ်တပ်မှ စစ်ကြောင်းထိုး ဝင်ရောက်ခဲ့ပြီးနောက် အမျိုးသမီးတစ်ဦးကို မုဒိမ်းကျင့် သတ်ဖြတ်ခဲ့သည့်အပြင် အမျိုးသား(၇) ဦးကိုလည်း သတ်ဖြတ်ခဲ့သည်။[6]

---

[4] Irrawaddy, 19 Nov 2021.
https://burma.irrawaddy.com/opinion/interview/2021/11/19/247573.html?fbclid=IwAR3pgkfUKG4Gckj_osLfJsMkUbO4yd_iLMrb1gw8Xh7dWXbldGnH23EUgRU

[5] မြန်မာ့အမျိုးသမီးသမဂ္ဂ အချက်အလက်စုဆောင်းမှု (မကွေးတိုင်း)

[6] မြန်မာ့အမျိုးသမီးသမဂ္ဂ အချက်အလက်စုဆောင်းမှု (မကွေးတိုင်း)

စစ်ကိုင်းတိုင်းသည် စစ်အာဏာရှင်ယန္တရားများ မလည်ပတ်နိုင်သည့်ဒေသဖြစ်သည့်အပြင် ပြည်သူ့ကာကွယ်ရေးတပ်များ၏ လက်နက်ကိုင်တော်လှန်မှုများကြောင့် စစ်ရေးပြင်းထန်နေသည့်ဒေသတခုလည်း ဖြစ်သည်။ ထို့ကြောင့်ပင် အကြမ်းဖက်စစ်တပ်သည် စစ်ကိုင်းတိုင်းအတွင်း ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူလူထုကို ညှဉ်းပန်းသတ်ဖြတ်ခြင်းနှင့် အမျိုးသမီးများကို မုဒိမ်းကျင့်ခြင်းများ ဆိုးရွားစွာ ကျူးလွန်နေကြသည်။

မိမိတို့၏ သတင်းမီဒီယာများမှတဆင့် သိမ်းဆည်းထားသည့် အချက်အလက်များအရ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၆)နေ့တွင် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များမှ စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ ကျေးရွာနှစ်ရွာမှ စိတ်ကျန်းမာရေးမကောင်းသူတစ်ဦး အပါအဝင် ဒေသခံအမျိုးသမီး (၇) ဦးကို မုဒိမ်းပြုကျင့်ခဲ့သည်။[7] ထို့နည်းတူ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ တောင်ရွာသစ်ကျေးရွာသို့ အကြမ်းဖက်စစ်တပ်မှ ဝင်ရောက်စီးနင်းချိန်တွင် မိန်းကလေးငယ် (၂) ဦးကို မုဒိမ်းကျင့်သတ်ဖြတ်ခဲ့သည့်အပြင် အခြားသော မိန်းကလေးငယ် (၂) ဦး၏ မိသားစုဝင် (၂) ဦးကိုလည်း သတ်ဖြတ်ခဲ့သည်။[8]



**ပုံစာ - စက်တင်ဘာ ၄ ရက်နေ့ စစ်ရှောင် နေကြတဲ့ ကနီဒေသခံတွေနဲ့ အဓမ္မပြု ကျင့်မှုဖြစ်ခဲ့တဲ့ ရွာပတ်ဝန်းကျင်က တွေ့ရတဲ့ စစ်အင်္ကျီနဲ့ စာရွက်အပိုင်းအစ ဖြစ်ပါတယ်။**

**(ရန်ကုန်ခေတ်သစ်မီဒီယာ)**

## တွေ့ရှိချက်များ

မိမိတို့ ကောက်ယူရရှိသည့်အချက်အလက်များအရ စစ်ပဋိပက္ခဖြစ်ပွား၍ အင်တာနက်လိုင်း ဖြတ်တောက်ခြင်းကို မကြာခဏကြုံတွေ့ရသည့်ဒေသများတွင် အကြမ်းဖက်စစ်တပ်အနေဖြင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်မှုများရှိနေသည်ကို တွေ့ရှိရသည်။ ၎င်းတို့ကျူးလွန်မှုများတွင် အသက်အရွယ်မရွေး ကလေးသူငယ်အပါအဝင် သက်ကြီးရွယ်အိုများလည်း ပါဝင်သည်ကို တွေ့ရှိရသည်။

[7] ခေတ်သစ်မီဒီယာ, စက်တင်ဘာ ၂၀၂၂ (https://bit.ly/3M2vBOP )

[8] ခေတ်သစ်မီဒီယာ, စက်တင်ဘာ ၂၀၂၂ (https://bit.ly/3LzKDLm)

တဖက်တွင်လည်း အကြမ်းဖက်စစ်တပ်မှ ကျူးလွန်သည့်အမှုများကို သက်သေခိုင်လုံစွာ အမှုတည်ဆောက်နိုင်ရေးအတွက် စိန်ခေါ်မှုကြီးစွာ ရှိနေသည်။ အထူးသဖြင့် မျက်မြင်သက်သေများနှင့် ဆက်သွယ်ရာတွင် အကြမ်းဖက်စစ်တပ်၏ ရွာလုံးကျွတ်မီးရှို့ခြင်းနှင့် ထိုးစစ်ဆင်ခြင်းများကြောင့် မျက်မြင်သက်သေများအပါအဝင် ကျေးရွာသူရွာသားများမှာ ထပ်ဆင့်၊ ထပ်ဆင့် ထွက်ပြေးတိမ်းရှောင်နေကြရသဖြင့် မျက်မြင်သက်သေများရရှိရန် ကြိုးစားရခြင်းသည် မိမိတို့အတွက် ကြီးမားသည့်အခက်အခဲတခုဖြစ်သည်။ ထို့နည်းတူ မျက်မြင်သက်သေများ အနေဖြင့်လည်း ၎င်းတို့၏ လုံခြုံရေးကြောင့် အင်တာဗျူးဖြေဆိုခြင်းကို ငြင်းပယ်မှုများရှိသည်။

ဆက်သွယ်ရရှိသော မျက်မြင်သက်သေများသည်လည်း ဖုန်းဖြင့် အင်တာဗျူးဖြေဆိုခြင်းထက် လုံခြုံရေးဆိုင်ရာစိုးရိမ်မှုကြောင့် ၎င်းတို့ထွက်ပြေးတိမ်းရှောင်နေသည့်နေရာသို့ လာ၍ လူတွေ့အင်တာဗျူးလုပ်ဆောင်ရန် တောင်းဆိုမှုများ ရှိခဲ့သည်။ ထိုသို့သွားရောက်ရန် အကြမ်းဖက်စစ်တပ်၏ စစ်ဆေးရေးဂိတ်များအပါအဝင် စစ်ရေးပဋိပက္ခဇုံများကို ဖြတ်ကျော်ရမည့်အခြေအနေများကြောင့် သွားရောက်နိုင်ခြင်း မရှိခဲ့ပေ။

ထို့အပြင် ကျူးလွန်ခံရသည့် အမျိုးသမီးများ၏ မိသားစုဝင်များသည်လည်း အသက်အန္တရာယ် လုံခြုံရေးကြောင့် အကြမ်းဖက်စစ်တပ်မှ ကျူးလွန်ခဲ့သည့်ပြစ်မှုများအတွက် ဓာတ်ပုံမှတ်တမ်းများ ရယူထားနိုင်ခြင်း မရှိသည်ကို တွေ့ရှိရသည်။ အချို့အမှုများတွင် မှတ်တမ်းဓါတ်ပုံရိုက်ယူထားရှိသော်လည်း ကျေးရွာတွင်းသို့ အကြမ်းဖက်စစ်တပ်မှ အချိန်မရွေး ဝင်ရောက်စစ်ဆေးမှုများ ရှိသောကြောင့် အဖမ်းဆီးခံရမည့် အန္တရာယ်မှ ရှောင်တိမ်းနိုင်ရန် ထိုဓာတ်ပုံများအား ဖျက်ဆီးလိုက်ရသည်များလည်း ရှိသည်။

အကြမ်းဖက်စစ်တပ်မှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသည့် အမျိုးသမီးအများစုမှာ အင်တာဗျူးများဖြေဆိုရန် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာအရ အဆင်သင့်မဖြစ်သေးသည်ကိုလည်း တွေ့ရှိရသည်။ အချို့လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှာ ကျူးလွန်ခံရသူ သတ်ဖြတ်ခံလိုက်ရသည့်အမှုများဖြစ်ပြီး ထိုအခြေအနေတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ပွားခြင်းအား အတည်ပြုရန်ပင် လွန်စွာစိန်ခေါ်မှုဖြစ်စေသည်။ အသတ်ခံလိုက်ရသည့် အမျိုးသမီးများ၏ ရုပ်အလောင်းတွေ့ရှိမှုအပေါ် အခြေခံ၍ လိင်အကြမ်းဖက်ခံရသည်ဟု သတင်းများထွက်ပေါ်သော်လည်း မိသားစုဝင်များနှင့် ဆက်သွယ်မေးမြန်းရာတွင် မိသားစုဝင်များမှ အကြမ်းဖက်မှုနှင့်ပတ်သက်၍ ငြင်းဆိုခြင်းများကိုလည်း ကြုံတွေ့ရသည်။ အချို့မိသားစုဝင်များမှာ ရုပ်အလောင်းအား ကိုယ် တိုင်စတင်တွေ့ရှိသူမဟုတ်သဖြင့် အတည်ပြုပေးရန် အခက်အခဲရှိနေသည်။

## အခြားလက်နက်ကိုင်အဖွဲ့များမှ ကျူးလွန်သော အမှုများ

တနှစ်အတွင်း အကြမ်းဖက်စစ်တပ်မဟုတ်သည့် အခြားသောလက်နက်ကိုင်အဖွဲ့များမှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် နှောက်ယှက်ခြင်းဆိုင်ရာ အမှု (၄) မှုကို ကောက်ယူရရှိထားပြီး မိမိတို့ဦးတည် နယ်မြေမဟုတ်သည့် အခြားသောဒေသများ၌လည်း ဒေသခံကာကွယ်ရေးတပ်ဖွဲ့ (PDF) များမှ ကျူးလွန်သည်ဟု ပြောဆိုနေကြသည့်တိုင် အင်တာဗျူး၍ မရနိုင်သည့် အမှုများလည်း ရှိနေသည်။




မြန်မာ့အမျိုးသမီးသမဂ္ဂမှ ကောက်ယူရရှိခဲ့သောအမှုများသည် စစ်ကိုင်းတိုင်းအတွင်း ဒေသကာကွယ်ရေး တပ်ဖွဲ့ဝင် တစ်ဦးမှ အမျိုးသမီးတစ်ဦးအား မုဒိမ်းကျင့်မှု (၁) မှု၊ မကွေးတိုင်းရှိ ကာကွယ်ရေးတပ်ဖွဲ့တစ်ဦးမှ တပ်ဖွဲ့ ဝင် အမျိုးသမီးတစ်ဦးအား လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက်ကျူးလွန်မှု (၁) မှုနှင့် ကရင်နီပြည်နယ်ရှိ ကာ ကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးမှ အမျိုးသမီးတစ်ဦးကို မုဒိမ်းကျင့်မှုတို့ ဖြစ်သည်။ ကျန် (၁) မှုသည် အကြမ်းဖက်စစ်တပ်၏ သတင်းပေး၊ ဒလန်သုတ်သင်ရှင်းလင်းခြင်းတွင် စစ်ကိုင်းတိုင်းရှိ ကာကွယ်ရေးတပ်ဖွဲ့ဝင်များမှ အမျိုးသမီး (၃) ဦးအား အုပ်စုဖွဲ့ မုဒိမ်းကျင့်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ဖြစ်သည်။

အထက်ပါ အမှု (၄) မှုတွင် (၂) မှုသည် တပ်ဖွဲ့ဝင်အချင်းချင်းကြား ကျူးလွန်မှု ဖြစ်ပြီး ကျန် (၂) မှုသည် အရပ်သူအပေါ် ကျူးလွန်သည့်အမှုများ ဖြစ်သည်။ ထိုအမှုများသည် စစ်အာဏာရှင်အား လက်နက်ကိုင်တော်လှန်နေသည့် အခြေအနေအောက်တွင် အမျိုးသမီးများအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ထိပါးနှောက်ယှက်မှုများကို ကြုံတွေ့နေရကြောင်း ဖော်ပြနေသည်။

မကွေးတိုင်းတွင် ဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာထိပါးမှုဖြစ်စဉ်တွင် ကျူးလွန်ခံရသူမှ အရေးယူပေးရန် တိုင်ကြားခဲ့သော်လည်း တာဝန်ရှိသူမှ အဖွဲ့တည်ဆောက်ဆဲကာလဖြစ်သဖြင့် အဖွဲ့၏ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများ သေချာမချမှတ်ရသေးသောကြောင့် ခေတ္တစောင့်ဆိုင်းရန်နှင့် ကျူးလွန်သူအား နှုတ်ဖြင့်သာ ပြန်လည် တောင်းပန်ခိုင်းခဲ့ပြီး အခြားထိရောက်သည့် အပြစ်ပေး၊ အရေးယူမှုများ လုပ်ဆောင်ပေးမှု မရှိပေ။[9]

စစ်ကိုင်းတိုင်းတွင် ဖြစ်ပွားခဲ့သည့် အမှုတခုတွင်မူ ကျူးလွန်ခံရသူမှ အကြီးတန်းတာဝန်ရှိသူများနှင့် ကျေးရွာလုံခြုံရေးအဖွဲ့အား တိုင်ကြားခဲ့သည်။ ကျူးလွန်သူအား လက်နက်သိမ်းဆည်းလိုက်သည်မှလွဲ၍ ထိရောက်သည့် အပြစ်ပေး အရေးယူမှုများ မတွေ့ရှိရပေ။ ထို့ကြောင့် ကျူးလွန်ခံရသူမှ ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့အား တိုင်ကြားကာ တရားမျှတမှု ရရှိရန် ကြိုးပမ်းနေရဆဲဖြစ်သည်။[10]

## တွေ့ရှိချက်များ

အကြမ်းဖက်စစ်တပ်မဟုတ်သည့် အခြားလက်နက်ကိုင်တပ်များမှ ကျူးလွန်ခဲ့သည့် အမှုအများစုတွင်လည်း အချက်အလက်ကောက်ယူနိုင်ရေးသည် အကြမ်းဖက်စစ်တပ်မှ ကျူးလွန်သည့် လိင်အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်ရရှိရေးကဲ့သို့ပင် စိန်ခေါ်မှုကြီးမားနေသည်။

အခြားလက်နက်ကိုင်တပ်များ၏ လိင်အကြမ်းဖက်ခံရမှုမှ ရှင်သန်လွတ်မြောက်သူများအတွက် တရားမျှတသည့် အပြစ်ပေး၊ အရေးယူခြင်းများ လုပ်ဆောင်ပေးခြင်းမရှိသည်ကိုလည်း တွေ့ရှိရသည်။ အခြားလက်နက်ကိုင်တပ်များအတွင်း လိင်အကြမ်းဖက်မှုများအပြင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကိုလည်း အမျိုးသမီးများ ကြုံတွေ့နေကြရသည်ကို တွေ့ရှိရသည်။ သက်ဆိုင်ရာတပ်ဖွဲ့များ၏ တာဝန်ရှိသူများသည် စစ်ပဋိပက္ခကာလဖြစ်ခြင်းကို အကြောင်းပြု၍ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများကို ဦးစားပေးဖြေရှင်းရမည့် အမှုအခင်းကြီးများအဖြစ် မှတ်ယူထားခြင်းမရှိသဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းများ ပျက်ကွက်နေသည်ကို တွေ့ရှိနိုင်သည်။

[9] မြန်မာ့အမျိုးသမီးသမဂ္ဂ အချက်အလက်စုဆောင်းမှု (မကွေးတိုင်း)

[10] မြန်မာ့အမျိုးသမီးသမဂ္ဂ အချက်အလက်စုဆောင်းမှု (စစ်ကိုင်းတိုင်း)

စစ်ကိုင်းတိုင်းတွင် ဖြစ်ပွားခဲ့သည့် အုပ်စုဖွဲ့မုဒိမ်းကျင့်၍ သတ်ဖြတ်ခဲ့မှုကို လက်ရှိကာလတွင် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) မှ ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးအတွက် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်နေကြောင်း သိရှိရသည်။

> “ အချို့လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် နှောက်ယှက်မှုများကို သက်ဆိုင်ရာအကြီးအကဲများမှ ကိုင်တွယ်ဖြေရှင်းရာတွင် နှုတ်အားဖြင့် တောင်းပန်စေခြင်းဖြင့်သာ ဖြေရှင်းပေးခဲ့ပြီး ထိရောက်သည့် အပြစ်ပေးအရေးယူ မှုများ မရှိပေ။ ရှင်သန်လွတ်မြောက်ခဲ့သူများကိုလည်း ထိုကဲ့သို့ ကျူးလွန်ခံရမှုများကို ပြင်ပသို့ ဖော်ထုတ်ပြောဆို ခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်မှုများရှိကြောင်း ”

အချို့လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် နှောက်ယှက်မှုများကို သက်ဆိုင်ရာ အကြီးအကဲများမှ ကိုင်တွယ်ဖြေရှင်းရာတွင် နှုတ်အားဖြင့် တောင်းပန်စေခြင်းဖြင့်သာ ဖြေရှင်းပေးခဲ့ပြီး ထိရောက်သည့် အပြစ်ပေးအရေးယူမှုများ မရှိပေ။ ရှင်သန်လွတ်မြောက်ခဲ့သူများကိုလည်း ထိုကဲ့သို့ ကျူးလွန်ခံရမှုများကို ပြင်ပသို့ ဖော်ထုတ်ပြောဆိုခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်မှုများ ရှိကြောင်း သိရှိရသည်။ ထိုအခြေအနေများကြောင့် အချို့ကျူးလွန် ခံရသူများသည် ၎င်းတို့၏တပ်ဖွဲ့များကို စွန့်ခွာသွားရခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကုစားမှုများ ခံယူနေရခြင်းများ ရှိနေသည်။

တဖက်တွင်လည်း ၎င်းတို့တပ်ဖွဲ့အတွင်း ဖြစ်ပွားသည့် လိင်အကြမ်းဖက်မှုများ ရှင်သန်လွတ်မြောက်သူ များထံဆက်သွယ်၍ အဖြစ်အပျက်များကို မှတ်တမ်းတင်ရန် ကြိုးပမ်းရာတွင် မျက်မြင်သက်သေများမှ မိမိတို့ အချက်အလက် ကောက်ယူသူများအား အကြမ်းဖက်စစ်တပ်၏ သတင်းပေးသူလျှိုအဖြစ် သံသယဖြစ်သည်များကိုလည်း ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် အသက်သေဆုံးသွားသည့် ကျူးလွန်ခံရသူများနှင့်ပတ်သက်၍ ရုပ်အလောင်းစတင်တွေ့ရှိသူ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များအား အတည်ပြုမေးမြန်းရာတွင်လည်း ဒလန်အဖြစ် သံသယဝင်ခံရသည်များကိုလည်း ကြုံတွေ့ရသည်။

# အရပ်သားအချင်းချင်းကြား ကျူးလွန်သော အမှုများ

တနှစ်တာကာလအတွင်း မိမိတို့ကောက်ယူရရှိသော အမှုများတွင် အရပ်သားအချင်းချင်းကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု စုစုပေါင်း (၂၃) မှုရှိပြီး အိမ်တွင်းအကြမ်းဖက်မှုနှင့် ကာမလိမ်လည်မှု (၂၃) မှုတို့ဖြင့် စုစုပေါင်း ၄၆ မှုကို ရရှိခဲ့သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် စစ်ကိုင်းတိုင်းမှ (၁) မှု၊ မကွေးတိုင်းမှ (၁) မှု၊ ပဲခူးတိုင်းမှ (၄) မှု၊ ဧရာဝတီတိုင်းမှ (၁၁) မှုနှင့် ကရင်နီပြည်မှ (၆) မှု တို့ကို ကောက်ယူရရှိခဲ့သည်။ မိမိတို့ကောက် ယူရရှိသည့် အရပ် သားအချင်းချင်း ကျူးလွန်သည့်အမှုများတွင် သက်ငယ်မုဒိမ်းမှု (၄) မှု ပါဝင်သည်။ ရှင်သန်လွတ် မြောက်လာသည့် ကလေးငယ်များတွင် အသက် (၃) နှစ်အရွယ် ကလေးငယ်တစ်ဦး ပါဝင်ပါသည်။



ရောဝတီတိုင်းအတွင်း ပန်းတနော်မြို့တွင် အမျိုးသမီးတစ်ဦးထဲရှိနေစဉ် ခြင်ထောင်ထဲသို့ အမည်မသိသူတစ်ယောက်ဝင်လာကာ ဘောင်းဘီအတင်းဆွဲချွတ်၍ မုဒိမ်းကျင့်ရန် ကြံစည်ခဲ့သည်။ အော်သံမထွက်စေရန် ပါးစပ်ကို ပိတ်ထားသည့်ကြားမှ အမျိုးသမီးမှ အော်ဟစ်အကူအညီတောင်းသဖြင့် မုဒိမ်းမှုအထမမြောက်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုဖြစ်စဉ်နှင့် တစ်ချိန်တည်းတွင် အထက်ပါအမှုဖြစ်ပွားခဲ့သည့် ရပ်ကွက်ထဲမှ တစ်လမ်းထဲရှိ မိမိတို့အား အထက်ပါအမှုအခြေအနေကို မျက်မြင်သက်သေအဖြစ် အင်တာဗျူးဖြေပေးသူ၏နေအိမ်၌လည်း ခြံစည်းရိုးကျော်ကာ အမည်မသိလူတစ်ယောက် ဝင်လာသဖြင့် အင်တာဗျူးပေးသူမှ အော်ဟစ်ကာ အကူအညီတောင်းခံခဲ့ရကြောင်း ပြောပြခဲ့သည်။[11]

ရောဝတီတိုင်းတွင် အသက် (၁၄)နှစ်အရွယ် ကျောင်းသူတစ်ဦးသည် ကျူးလွန်သူမှ သူမ၏ သူငယ်ချင်းဖြစ်သူက အိမ်၌မုန့်စားရန် ခေါ်ထားကြောင်းပြောသဖြင့် လိုက်သွားရာမှ မုဒိမ်းကျင့်ခံခဲ့ရသည်။ ကျောင်းသူ၏ ဖခင်ဖြစ်သူမှ ထိုကျူးလွန်မှုအား မျက်မြင်တွေ့မြင်ခဲ့သော်လည်း တရားခံအား ဖမ်းဆီးအပြစ်ပေးနိုင်ခြင်း မရှိသေးပေ။ ထို့အပြင် ကျူးလွန်သူမှာ ဘာသာခြားဖြစ်သဖြင့် ထိုအမှုကိစ္စတွင် (အမျိုးသား ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့) (မဘသ) ဘုန်းကြီးများ၏ ဝင်ရောက်စီမံမှုများ ရှိနေသည်။ [12]

ကရင်နီပြည်နယ်တွင် ဉာဏ်ရည်မမီသူ အမျိုးသမီးငယ်တဦးအား အခြားဒေသမှ စစ်ရှောင်လာသူ အမျိုးသားတဦးက မိခင်ဖြစ်သူ တောင်ယာသွားနေချိန်တွင် ဆိုင်ကယ်ဖြင့်ခေါ်သွားကာ မုဒိမ်းကျင့်မှု ဖြစ်ပွားခဲ့သည်။ အမျိုးသမီးငယ်အား အော်ဟစ်ရုန်းကန်နိုင်မှုမရှိစေရန် အင်အားသုံးချုပ်ကိုင်မှုကြောင့် မျက်နှာပေါ်တွင် အညို အမဲ ဒဏ်ရာများ ရရှိခဲ့သည်။ ကျူးလွန်သူမှာ နယ်ခံမဟုတ်သဖြင့် ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များလည်း မရှိသောကြောင့် ကျူးလွန်ခံရသူ အမျိုးသမီးငယ်အတွက် တရားမျှတရေး လုပ်ဆောင်ပေးနိုင်မှု မရှိပေ။[13]

## တွေ့ရှိချက်များ

မိမိတို့ကောက်ယူရရှိသည့် အရပ်သားအချင်းချင်း ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ အမှုအများစုသည် ကျူးလွန်သူများသည် ရှင်သန်လွတ်မြောက်သူများနှင့် ရင်းနှီးသည့် အသိုင်းအဝိုင်းမှ ဖြစ်သည်ကို တွေ့ရှိရသည်။ ရှင်သန်လွတ်မြောက်ခဲ့သူများသည် နေအိမ်တွင် ရှိနေစဉ်နှင့် ပုံမှန်သွားလာနေကျလမ်းကြောင်းပေါ်တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကျူးလွန်ခံနေကြရသည်။

[11] မြန်မာ့အမျိုးသမီးသမဂ္ဂ အချက်အလက်စုဆောင်းမှု (ရောဝတီတိုင်း)

[12] မြန်မာ့အမျိုးသမီးသမဂ္ဂ အချက်အလက်စုဆောင်းမှု (ရောဝတီတိုင်း)

[13] မြန်မာ့အမျိုးသမီးသမဂ္ဂ အချက်အလက်စုဆောင်းမှု (ကရင်နီပြည်နယ်)

သို့သော်လည်း ကျူးလွန်ခံရသည့် အမျိုးသမီးများ၏ တရားမျှတမှုရရှိရေးအတွက် ခိုင်လုံသည့် တရား ဥပဒေယန္တရားများ မရှိသည်ကိုတွေ့ရှိရသည်။ ဘာသာမတူသူများအကြား ကျူးလွန်သည့်အကြမ်းဖက်မှုများလည်း တွေ့ရှိရပြီး ထိုအကြမ်းဖက်မှုများတွင် ဘာသာရေးအစွန်းရောက်အဖွဲ့ဝင်များမှ ဝင်ရောက်လွှမ်းမိုးမှုများ ရှိသည်ကို တွေ့ရှိရသည်။ အချို့အမှုများတွင် ကျူးလွန်သူများအား ရဲများမှ ဖမ်းဆီးထိမ်းသိမ်းထားသော်လည်း ဥပဒေပိုင်းဆိုင်ရာ ထိုက်တန်သည့် အပြစ်ပေးမှုများ အားနည်းနေသည်ကို တွေ့ရှိရသည်။ ငွေကြေးတတ်နိုင်သည့် ကျူးလွန်သူများမှ လာဒ်ထိုး၍ အမှုမှ ရှောင်တိမ်းခြင်းများနှင့် မဖမ်းဆီးနိုင်ခြင်းများလည်း ရှိနေသည်ကို တွေ့ရှိရသည်။

ကျူးလွန်ခံရသူအမျိုးသမီးများသည် ငွေကြေးချို့တဲ့သူများဖြစ်သဖြင့် တရားမျှတမှုရရှိရန်အတွက် ရုန်းကန်နေကြရသည်။ အချို့ကျူးလွန်ခံရသူမိသားစု များမှာ ၎င်းတို့ပတ်ဝန်းကျင်မှ ဝေဖန်မှုများကြောင့် ကျူးလွန်ခံရသူအမျိုးသမီးငယ်များအား ကျောင်းထုတ် ခြင်းအပြင် ပြင်ပသွားလာမှုများအား ကန့်သတ်လိုက် ခြင်းများကို တွေ့ရှိရသည်။



အကြမ်းဖက် စစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်းတွင် ပြည်တွင်း၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ ပံ့ပိုးပေးသည့် ယန္တရားများရပ်တန့်သွားခဲ့သည်။ထို့ကြောင့် ငွေကြေးချို့တဲ့သည့် ကျူးလွန်ခံရသူများမှာ တရားမျှတမှုရရှိရေးအတွက် တရားရုံးချိန်းများ ပုံမှန်သွားရောက်နိုင်ရန် ငွေကြေးအခက်အခဲများရင်ဆိုင်နေရသည်။ စိတ်ပိုင်းဆိုင်ရာ အားပေးနှစ်သိမ့်မှုများအပါအဝင် ပြန်လည်ကုစားရေး ပံ့ပိုးမှုများလည်း မရရှိပေ။

အချို့သော အရပ်သားအချင်းချင်း ကျူးလွန်သည့်အမှုများတွင် သက်ဆိုင်ရာ နယ်မြေခံတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ရပ်ရွာသူကြီးများ၊ သက်ကြီးရွယ်အိုများမှ ဓလေ့ထုံးတမ်းအရ ဝင်ရောက်ဖြေရှင်းခြင်းများ ရှိသည်ကို တွေ့ရှိရသည်။ ၎င်းတို့ဖြေရှင်းပြီးသား အမှုများဖြစ်ပါက ပြင်ပသို့ ထုတ်ဖော်ခြင်းမပြုရန် ကျူးလွန်ခံရသူ၏ မိသားစုဝင်များအား သတိပေးထားခြင်းများ ရှိကြောင်းလည်း သိရှိရသည်။ ထို့ကြောင့် အချို့သော ရှင်သန်လွတ် မြောက်လာသူ၏ မိသားစုဝင်များသည် မိမိတို့၏ အချက်အလက်ကောက်ယူခြင်းကို ငြင်းဆိုမှုများ ရှိခဲ့သည်။

## ပဋိပက္ခနယ်မြေများရှိ
## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ သုံးသပ်ချက်

မြန်မာနိုင်ငံတွင် ပဋိပက္ခဖြစ်မှုတိုင်း၌ အမျိုးသမီးများသည် ပဋိပက္ခအောင်နိုင်ရေးအတွက် ပစ်မှတ်တခု သဖွယ်ဖြစ်နေသည်။ ထို့အပြင် အမျိုးသမီးများအား လိင်အကြမ်းဖက်မှုသည် လူ့ကျင့်ဝတ်နှင့် လူသားဂုဏ်သိက္ခာ နိမ့်ကျလာခြင်း၏ ပြယုဂ်လည်း ဖြစ်ပေသည်။

ယခုအနှစ်ချုပ်စာတမ်းပါ အချက်အလက်များသည် မိမိတို့ ဦးတည်နယ်မြေဖြစ်သည့် ဒေသ(၅) ခုအတွင်း ဖြစ်ပွားသည့်အမှုများ ဖြစ်သော်လည်း  စစ်ပဋိပက္ခတိုက်ပွဲများကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် အင်တာနက် ဖြတ်တောက်ခံရသည့် အခြေအနေများကြောင့် မြေပြင်တွင် ဖြစ်ပွားနေသည့် အမှုများအားလုံးကို ခြုံငုံကောက်ယူနိုင်မှုမရှိပေ။

ထို့ကြောင့်  ပြည်သူလူထုအား အကြောက်တရားကြီးမားစေရန်အတွက် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များသည် ၎င်းတို့ ထိုးစစ်ဆင်သော နေရာများနှင့် ၎င်းတို့စစ်ဆင်ရေးဝင်ရောက်သည့် နေရာများတွင် အမျိုးသမီးများအပေါ် မုဒိမ်းမှုများနှင့် အခြားလူမဆန်သည့် ကျူးလွန်မှုများကို ယခုထက်ပိုမိုများ၍ ပိုမိုရက်စက်ကြမ်းကြုတ်သည့် အနေအထားဖြင့် ကျူးလွန်နိုင်သည်ဟု မိမိတို့အနေဖြင့် သုံးသပ်သည်။

အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကျူးလွန်၍ မီးရှို့၊ သတ်ဖြတ်ခြင်းများကိုပါ လုပ်ဆောင်ခဲ့သည်။ ထိုကဲ့သို့ ကျူးလွန်ခံရသူများကို အသက်သေဆုံးသည်အထိ လုပ်ဆောင်ခဲ့ခြင်းသည် ၎င်းတို့ ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို သက်သေမကျန်ခဲ့စေရန် ရှင်းလင်းခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။ အလားတူပင် အကြမ်းဖက်စစ်တပ်၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသည့် အမျိုးသမီးများနှင့်  ၎င်းတို့၏မိသားစုများကို ခြိမ်းခြောက်ပြီး ၎င်းတို့ ကြုံတွေ့ခဲ့ရမှုအား ပြန်လည်ဖော်ထုတ်ပြောဆိုခြင်းမပြုရန်လည်း ဖိအားပေးခံထားကြရသည်။

ရှင်သန်လွတ်မြောက်သူများအနေဖြင့်လည်း ၎င်းတို့ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့် အဖြစ်အပျက်များကို ပြန်လည်ပြောပြလိုခြင်းမရှိခြင်းသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ ထုတ်ဖော်ပြောဆိုရန် ဝန်လေးကြသည့် အကြောင်းရင်းသည် ဖိုဝါဒကြီးစိုးသည့် ယဉ်ကျေးမှုများ အမြစ်တွယ်နေသည့် လူ့အသိုင်းအဝိုင်းတွင် ကျူးလွန်ခံရသူများအား ဝေဖန်ပြစ်တင်ခြင်းများကြောင့် ဖြစ်သည်ကို သုံးသပ်တွေ့ရှိရသည်။

တပြိုင်နက်တည်းတွင် အကြမ်းဖက်စစ်တပ်အား တော်လှန်စစ်ဆင်နွှဲရန် လက်နက်ကိုင်နေသည့် တပ်ဖွဲ့များ၌လည်း အမျိုးသမီးများအပေါ် လေးစားမှု၊ အသိအမှတ်ပြုမှုများ လျော့နည်းနေပြီး အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုကိစ္စများကို သာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စများအဖြစ်သာ ရှုမြင်နေကြသည်ဟု သုံးသပ်ရပါသည်။  ထိုသို့ရှု

မြင်နေခြင်းကြောင့်ပင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ ထိပါးမှုများနှင့် ကာယိအိန္ဒြေထိပါးမှုများအပေါ် ထိရောက်သည့် အရေးယူမှုများ မလုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ ထိုသို့ကျူးလွန်မှုများသည် ပြည်သူအများမှ မျှော်လင့်ထားသည့် ကျင့်ဝတ်သိက္ခာနှင့် ပြည့်ဝသည့် တော်လှန်ရေးစစ်သည်များ၏ ကျင့်ဝတ်များနှင့်လည်း ဆန့်ကျင်နေပေသည်။

ထို့ကြောင့် အမျိုးသမီးများအပေါ် လေးစားမှုမရှိသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ထိပါးနှောင့်ယှက်မှုများနှင့်ပတ်သက်သည့် ကျူးလွန်မှုများအား ထိရောက်သည့်အရေးယူမှုများ မလုပ်ဆောင်ပေးနိုင်ပါက အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ တော်လှန်ရေးစစ်သည်များ၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာများ ကျဆင်းလာနိုင်သည်။ သို့ဖြစ်၍ ပုံရိပ်ဆိုးဖြင့် ကျော်ကြားသည့် အကြမ်းဖက်စစ်တပ်နည်းတူ အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများ ကျူးလွန်ခြင်းကို တော်လှန်ရေးတပ်ဖွဲ့များအနေဖြင့် (လုံးဝ) ဆန့် ကျင်ရန် လိုအပ်ပါသည်။

> **“အသက်ရှင်ကျန်ရစ်ခဲ့သည့် ကျူးလွန်ခံရသူများသည် တနည်းနည်းဖြင့် အသက်အန္တရာယ် ခြိမ်းခြောက်ခံရ ခြင်း၊ မိသားစုအားနှင့် ခြိမ်းခြောက်ခံရခြင်းများနှင့် ၎င်းတို့၏ အရှက်၊ ဂုဏ်သိက္ခာတို့အား ခြိမ်းခြောက်ခံရခြင်းများ ရှိနေသည်ကို သုံးသပ်တွေ့ရှိရသည်”**

လက်နက်ကိုင်တပ်ဖွဲ့များအားလုံးတွင် လိင်အကြမ်းဖက်မှုနှင့်ပတ်သက်၍ လက်တွေ့ကျပြီး အားကောင်းသော စည်းမျဉ်းစည်းကမ်းများထားရှိ၍ ကျူးလွန်မှုများရှိလာပါက ကျူးလွန်သူအား ထိုစည်းမျဉ်းစည်းကမ်းများအတိုင်း ထိထိရောက်ရောက် ထိုက်တန်စွာ အပြစ်ပေးအရေးယူမှုများ လုပ်ဆောင်ရမည်ဖြစ်သည်။ သို့မှသာ အခြားတပ်သားများမှ နောက်ထပ်မကျူးလွန်စေရန် စံနမူနာပြုနိုင်မည်ဖြစ်သည်။ အကယ်၍ သက်ဆိုင်ရာတပ်ဖွဲ့များမှ ထိရောက်သည့် အရေးယူမှုများ လုပ်ဆောင်နိုင်ခြင်း မရှိပါက အမျိုးသမီးများအပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပိုမိုဆိုးရွားလာပြီး ပြည်သူများ၏ တော်လှန်ရေးစစ်သည်များ အပေါ်ထားရှိသည့် ဂုဏ်ယူလေးစားမှုများ ကျဆင်းလာနိုင်ပေသည်။

အသက်ရှင် ကျန်ရစ်ခဲ့သည့် ကျူးလွန်ခံရသူများသည် တနည်းနည်းဖြင့် အသက်အန္တရာယ် ခြိမ်းခြောက်ခံရခြင်း၊ မိသားစုအားနှင့် ခြိမ်းခြောက်ခံရခြင်းများနှင့် ၎င်းတို့၏ အရှက်၊ ဂုဏ်သိက္ခာတို့အား ခြိမ်းခြောက်ခံရခြင်းများ ရှိနေသည်ကို သုံးသပ်တွေ့ရှိရသည်။

အရပ်သားများကျူးလွန်သည့် လိင်အကြမ်းဖက်မှုများတွင်လည်း ၎င်းနည်းတူ ခြိမ်းခြောက်ခံရခြင်းများနှင့် ကျူးလွန်ခံရသူများမှ ပတ်ဝန်းကျင်၏ ဝေဖန်အပြစ်တင်မှုများကို စိုးရိမ်သဖြင့် ပတ်ဝန်းကျင်တွင် ယခင်ကဲ့သို့ သွားလာပြောဆိုဆက်ဆံမှုများအား ရပ်တန့်ကာ အိမ်တွင်း၌သာ နေထိုင်နေရသည့် အခြေအနေများကိုလည်း တွေ့ရှိရသည်။

ထိုကဲ့သို့ ဖြစ်ရခြင်းများသည် ဖိုဝါဒကြီးစိုးလွန်းသည့် ယဉ်ကျေးမှုဓလေ့များ အမြစ်တွယ်ကျင့်သုံးလာသည့် မြန်မာနိုင်ငံတွင် အမျိုးသမီးများအား အထိမ်းသိမ်းခံ၊ အစောင့်ရှောက်ခံနှင့် ပိုင်ဆိုင်ခံရသည့် လူတန်းစား အဖြစ်သာ ထားရှိသောအမြင်များကြောင့် ဖြစ်ပေသည်။ မိမိတို့ လူမှုအသိုင်းအဝိုင်းတွင် အမျိုးသမီးများ၏ ဂုဏ်သိက္ခာနှင့် တန်ဖိုးကို အပျိုစင်ဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်မူတည်၍ အကဲဖြတ်ခြင်းကဲ့သို့ အစဉ်အလာ၊ အစွဲအလန်းများကြောင့် လက်မထပ်ခင် လိင်မှုကိစ္စများရှိခြင်းနှင့် မုဒိမ်းကျင့်ခံရခြင်းများသည် အမျိုးသမီးများကို ကြီးမားသည့် လူမှုရေးပြစ်မှု ကျူးလွန်ထားသကဲ့သို့ ရှုမြင်စေသည်။ ထို့ကြောင့် အမျိုးသမီးများသည် ၎င်းအခြေအနေများအောက်တွင် ပြင်းထန်သည့် ဝေဖန်ရှုတ်ချမှုများနှင့်လည်း ရင်ဆိုင်ရလေ့ရှိပေသည်။

၎င်းအခြေအနေများ အလုံးစုံပပျောက်သွားစေရန် မိမိတို့အနေဖြင့် စစ်အာဏာရှင်စနစ်နှင့်အတူ အခြားနည်းလမ်းဖြင့် အာဏာရှင်ဆန်မှုများ၊ ဖိုဝါဒကြီးစိုးသည့်စနစ် စသည်တို့ကို တပြိုင်နက်တည်း တော်လှန်တိုက်ထုတ်နိုင်မှသာလျှင် ဖြစ်နိုင်မည်ဟု သုံးသပ်ပါသည်။

## NUG နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)သို့ အကြံပြုချက်များ

- ပဋိပက္ခကာလအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် အကြမ်းဖက်မှုများ ဖြစ်ပွားနေမှု လျှော့ချရန်နှင့် ကာကွယ်တားဆီးပေးနိုင်ရန် စနစ်တကျ အစီအစဉ်များချ၍ တိုင်ကြားနိုင်မှုယန္တရားများ၊ ထိရောက်သော အပြစ်ပေးအရေးယူမှုယန္တရားများ ဖော်ဆောင်ပေးရန်နှင့် လက်တွေ့အကောင်အထည်ဖော်ရန်။

- NUG လက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ်များနှင့် သီးခြားလှုပ်ရှားနေသည့် ပြည်သူ့ကာကွယ်ရေးတပ်များမှ ကျူးလွန်သည့်လိင်အကြမ်းဖက်မှုများအား မြန်ဆန်စွာနှင့် ထိရောက်စွာ အပြစ်ပေးအရေးယူမှုများ လုပ်ဆောင်ရန်။

- အကြမ်းဖက်စစ်တပ်မှ ကျူးလွန်သည့် လိင်အကြမ်းဖက်မှုများနှင့် ပတ်သက်၍ နစ်နာသူများ၏ တရားမျှတမှုများအတွက် ပေါ်လစီချမှတ်၍ စနစ်တကျ စီမံဆောင်ရွက်ပေးရန်။

- နစ်နာသူများအား ပြန်လည်ကုစားရေး၊ ပြန်လည်ထူထောင်ရေး အပါအဝင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ဖော်ဆောင်နိုင်ရန်အတွက် ယန္တရားများဖော်ဆောင်ပြီး ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဟန်ချက်ညီညီ အကောင်အထည်ဖော်လုပ်ဆောင်သွားရန်။

- အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု စနစ်တကျကျူးလွန်နေပြီး ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသော အကြမ်းဖက်စစ်တပ်အား တရားစွဲဆို အပြစ်ပေးအရေးယူနိုင်ရေးအတွက် အရပ်ဖက်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် ပူး ပေါင်းဆောင်ရွက်သွားရန်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အခြားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များသို့ အကြံပြုချက်များ

- မိမိတို့ ထိန်းချုပ်နယ်မြေအတွင်း ဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ကျူးလွန်သူများအား ထိရောက်သည့် အပြစ်ပေး၊ အရေးယူမှုများ လုပ်ဆောင်ရန်။

- မိမိတို့၏ တပ်တွင်းစည်းကမ်းများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ပေါ်လစီများချမှတ်ကာ တိကျသည့် စည်းမျဉ်း၊ စည်းကမ်းများချမှတ်ကျင့်သုံးရန်။

- မိမိတပ်တွင်း တပ်သားအချင်းချင်းဖြစ်ပွားသော လိင်ပိုင်းဆိုင်အကြမ်းဖက်မှုများအား ပွင့်လင်း မြင်သာသော တရားစီရင်ရေးစနစ်ကျင့်သုံး၍ အမျိုးသမီးတပ်သား၊ အမျိုးသားတပ်သားဟူ၍ မခွဲခြားဘဲ စီရင်အရေးယူရန်။
- မိမိတို့ ထိန်းချုပ်နယ်မြေအတွင်း ဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား ကိုင်တွယ်ဖြေရှင်းရာတွင် အရပ်ဖက်အဖွဲ့အစည်းများ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်ရန်။
- အရပ်ဖက်အဖွဲ့အစည်းများမှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု လျှော့ချရေးလုပ်ဆောင်ချက်များကို လမ်းဖွင့်ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်

## နိုင်ငံတကာ အသိုင်းအဝိုင်းသို့ အကြံပြုချက်များ

- UN နှင့် ASEAN အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းမှ အကြမ်းဖက်စစ်အုပ်စု ကျူးလွန် နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများအပါအဝင် အရပ်သားများကို ပစ်မှတ်ထားသည့် မုဒိမ်းမှုများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီး၊ လက်နက်ငယ်များနှင့် ရမ်းသမ်း ပစ်ခတ်နေမှုများအား အမြန်ဆုံးတားဆီးပေးရန်နှင့် ထိရောက်သည့်အရေးယူ မှုများ လုပ်ဆောင်ပေးရန်။
- နိုင်ငံနှင့်အဝှမ်း ဖြစ်ပေါ်နေသော မုဒိမ်းမှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများအား UN၊ ASEAN အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများအနေနှင့် မျက်ကွယ်မပြုဘဲ အဓိက ကျူးလွန်သူများဖြစ်သည့် အကြမ်းဖက်စစ်အုပ်စုအား ထိရောက်စွာ အရေးယူပေးရန်။
- မုဒိမ်းမှုများအား စစ်လက်နက်သဖွယ် အသုံးပြုနေမှုများအပါအဝင် အရပ်သားပြည်သူများအား ရန်သူသဖွယ် ပစ်မှတ်ထားတိုက်ခိုက်နေသည့် အကြမ်းဖက် စစ်တပ်အား နိုင်ငံတကာ အစိုးရများမှ လက်နက်ရောင်းဝယ်ပေးမှုများ ချက်ချင်းရပ်တန့်ရန်။
- အရပ်သားပြည်သူများအား မုဒိမ်းမှုကျူးလွန်မှုများအပါအဝင် အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်မှုများအပါအဝင် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေသည့် အကြမ်းဖက်စစ်တပ်အား နိုင်ငံတကာ ပြစ်မှုဆိုင်ရာစနစ်နှင့်အညီ အရေးယူပေးရန်။

မြန်မာ့အမျိုးသမီးသမဂ္ဂမှ ထုတ်ပြန်သည်။

